

ဘာသာပြန် စာရေးဆရာ - 8Black Hands

# သက်တန့်ရောင်မိန်းမပျို

## (ယွီရှောင်ချောင်း)

## (Chapter 491 - 504)

စာစဉ် - ၃၆

# အပိုင်း ၄၉၁
# ကြည်နူးစရာ ညချမ်းလေး

ကျူးကျွင်းယန်က သူ့ရဲ့လက်ခုံပေါ်မှာ ကျန်နေခဲ့သော သွားရည်တို့ဖြင့် စိုရွှဲနေသည့် သွားရာနှစ်တန်းကို ကြည့်လိုက်ကာ အနည်းငယ် ရွံ့ရှာချင်ယောင်ဆောင်လိုက်ရင်း မျက်မှောင်ကြုတ်လိုက်သည်။

"မင်းက အရိုက်ခံသင့်တယ်လေ! ကိုယ်တို့က နှစ်သစ်ကူးပွဲတော် ကျင်းပနေတာကို ဘာတွေ ပြောနေရတာလဲ? နိမိတ်မရှိလိုက်တာ!!"

ယွီရှောင်ချောင်းက အကြိမ်အနည်းငယ် နှာမှုတ်လိုက်ပြီး ဘာကိုမှ ထပ်မပြောလာတော့ချေ။ အေးစက်ပြီး အုံ့မှိုင်းနေတဲ့ လမ်းမထက်ဝယ် ပြိုးပြိုးပြက်ပြက် အလင်းရောင်တို့အောက်၌ သူတို့နှစ်ဦးသား အေးအေးလူလူ ထွက်လာခဲ့ကြသည်။ အေးစက်လှတဲ့ လေပြင်းတို့နဲ့ နှင်းတို့က သူတို့ကို ဖြတ်တိုက်သွားတော့ ခုနလေးတင်မှ နွေးထွေးတဲ့ အခန်းထဲမှာ ရှိနေခဲ့တဲ့ ရှောင်ချောင်းတစ်ယောက် တုန်တက်သွားရသည်။ သူမ မသိလိုက်ပါဘဲ ကျူးကျွင်းယန်ရဲ့ ရင်ဘတ်ထဲသို့ ကျုံ့ဝင်သွားပြီး အနွေးဓာတ်ကို လိုက်ရှာနေတော့သည်။

ကျူးကျွင်းယန်က သူ့ရဲ့ အပေါ်ဝတ်အင်္ကျီ အထူကြီးကို ချွတ်လိုက်ပြီး ကြောင်ပေါက်လေး တစ်ကောင်ကဲ့သို့ ချစ်စရာကောင်းလှတဲ့ ကောင်မလေး

အား သူမရဲ့ ချစ်စရာ မျက်နှာလေးသာ ကျန်တဲ့အထိ တင်းတင်းကျပ်ကျပ် ထွေးပတ်ထားလိုက်သည်။ ရှောင်ချောင်းဟာ သူမရဲ့အနောက်က ကျယ်ပြန့် တောင့်တင်းတဲ့ ရင်ခွင်၌ မှီနေရင်း သူမရဲ့ မျက်နှာလေးက အနည်းငယ် ရီဝေဝေ ဖြစ်နေလေသည်။ မြင်းသွားနေတဲ့ လှုပ်ရှားမှု အရှိန်ကြောင့် သူမ လေးက အနည်းငယ် ဒယိမ်းဒယိုင် ဖြစ်နေသည်။

"ကောင်မလေး, ခုနက မင်းဘယ်လောက်တောင် သောက်ထားတာလဲ?"

စောစောက ရှောင်ချောင်း ပြတင်းပေါက်ခုံပေါ်မှီရင်း ကောင်းကင်ကို မော့ကြည့်နေစဉ်မှာ သူမလေးရဲ့ မျက်နှာထက်၌ အထီးကျန်ပြီး ဗလာဖြစ် နေတဲ့ အမူအရာတို့ကို မြင်လိုက်ရတော့ သူ့ရဲ့နှလုံးသားက တင်းကျပ်သွားရ သည်။ တောက်ပလာလိုက် မှိန်သွားလိုက်ဖြစ်နေတဲ့ မီးရှူးမီးပန်းများ အောက်၌ သူမဟာ အချိန်မရွေး ပျောက်ကွယ်နိုင်တယ်ဆိုတဲ့ ခံစားချက်မျိုး မထင်မှတ်ဘဲ ခံစားလိုက်ရသည်။ ဒီလို ခံစားချက်မျိုးက သူ့ကို အချိန်မရွေး အသက်ရှူကျပ်အောင် လုပ်နိုင်တဲ့ မကောင်းဆိုးဝါးကြီး တစ်ကောင်က သူ့ နှလုံးသားပတ်လည်မှာ ကိန်းအောင်းနေသလိုမျိုးပင်။ ကံကောင်းစွာနဲ့ သူ စကားပြောလိုက်တဲ့အခါမှာတော့ သူမလေး အနားမှ ထိုကျောချမ်းစဖွယ် လေထုက တစ်ခဏချင်း ပျောက်ကွယ်သွားသည်။

ဒီကောင်မလေးမှာ လျှို့ဝှက်ချက်တစ်ခုရှိပြီး ထိုလျှို့ဝှက်ချက်ကလည်း အလွန်ကြီးမားတဲ့ လျှို့ဝှက်ချက်တစ်ခု ဖြစ်နိုင်သည်။ သူ ဒါကို သိနေခဲ့တာ တော်တော်ကြပြီပင်။ သူမလေးက အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ အသီးအနှံ များ စိုက်ပျိုးခြင်းနှင့် ဆေးပညာရပ်တို့၌ အံ့အားသင့်စရာ အရည်အချင်းတို့ ကို ပြသခဲ့သည်။ ထို့အပြင်လည်း ဒီအရည်အချင်းများ အားလုံးက ကိုယ်တိုင် သင်ယူလေ့လာခဲ့တဲ့ အရာများပင်။ ဒါတွေက ကျိုးကြောင်း ဆီလျော်မှု ရှိမနေ။ တစ်ခါတစ်ရံ၌ ဖြစ်နိုင်ချေမရှိတဲ့ အတွေးများက သူ့

စိတ်နှလုံးသားအတွင်းမှာ ပေါ်ပေါက်လာတတ်သည်: သူမက တကယ်ပဲ ဒီ သာမန်ကမ္ဘာကို သက်ဆင်းလာတဲ့ အမတလေးတစ်ပါးများလား... ဒါကပဲ အရင်က သူမနဲ့ ယှဉ်လိုက်ရင် ဒီလို အကြီးကြီး ပြောင်းလဲသွားရတဲ့ အကြောင်းအရင်းလား...

ကျူးကျွင်းယန် သူမရဲ့နောက်ကြောင်းကို ဟိုးအရင်အချိန်ကတည်းက စုံစမ်းစစ်ဆေးခဲ့ပြီးဖြစ်သည်။ သူမ ရှစ်နှစ်မပြည့်ခင်က ယွီရှောင်းချောင်း ဟာ အမြဲလိုလို ချူချာပြီး ကြောက်တတ်သူဖြစ်သည်။ သူမက အိမ်ကနေ တစ်ခါလေးမှတောင် မထွက်ဖူးတဲ့ သာမန်ရွာသူလေးတစ်ဦးသာ။ ဟင်း ချက်နည်းတွေနဲ့ ဆေးညွှန်းများကို ဖော်ပြထားသည့် ရှေးဟောင်း စာလိပ် အပိုင်းအစတွေကို သူမ ဘယ်လိုများ ကောက်ရနိုင်မှာတဲ့လဲ... ပြောင်းလဲမှု များ စတင်ခဲ့သည်က သူမ ခေါင်းထိပြီးတဲ့နောက်ပင်။ အဲ့ဒီ ချူချာပြီး အားနည်းတဲ့ ယွီရှောင်ချောင်းက ထိခိုက်ဒဏ်ရာရ၍ သတိလစ်သွားပြီးတဲ့ နောက် အမတလေးတစ်ပါးနဲ့ နေရာလဲသွားတာများလားဆိုပြီး သူစဉ်းစား မိသည်။ ဝိညာဉ်ပြောင်းလဲသွားခြင်းက သူ့ကောင်မလေးကို ယနေ့ရှိနေတဲ့ သူမလေးကဲ့သို့ အများနဲ့မတူ တစ်မူထူးခြားပြီး ချစ်စရာကောင်းလာစေတာ ဖြစ်နိုင်သည်ဟု သူထင်မိသည်။

(စာရေးဆရာမှာ ပြောစရာရှိပါတယ်: တော်ဝင်မင်းသားယန်ရေ မင်း ကတော့ အမှန်တရားကို ရှာတွေ့လုနီးပါးပါလား)

ဒီလမ်းကြောင်းကို သူလျှောက်လှမ်းလာလေလေ ကျူးကျွင်းယန် ပို သေချာလာရပြီး ပိုမို ကြောက်ရွံ့လာလေ ဖြစ်သည်။ တစ်နေ့နေ့မှာ သူ့ရဲ့ ထူးခြားတဲ့ကောင်မလေးက ရုတ်တရက် ထွက်ခွာသွားပြီး အဲ့ဒီ ကြောက် တတ်ပြီး သတ္တိမရှိတဲ့ ဝိညာဉ်က ဒီခန္ဓာကိုယ်ထဲ ပြန်ရောက်လာမှာကို သူ ကြောက်နေမိသည်။ အဲ့လိုသာ ဖြစ်လာခဲ့ရင် သူဘာလုပ်ရမလဲ မသိတော့

ဘူး။ သူ စိတ်ဖောက်ပြန်သွားလောက်လား...

"မင်းကိုယ့်ကို ထားမသွားဘူးလို့ ကတိပေးပါကွာ ရတယ်မလား?"

ရှောင်ချောင်းရဲ့ တစ်ဝိုက်မှာရှိနေတဲ့ ကျူးကျွင်းယန်ရဲ့လက်မောင်းတွေက တင်းကျပ်သွားပြီး ခေါင်းကိုငုံ့ရင်း သူမရဲ့ခေါင်းထိပ်လေးပေါ်သို့ ညင်သာတဲ့ အနမ်းတစ်ပွင့် ပေးလိုက်သည်။

ယွီရှောင်ချောင်းက သူ့ရဲ့လက်ထဲမှာ အနည်းငယ် မသက်မသာဖြစ်လာပြီး ပိုမိုသက်တောင့်သက်သာ ဖြစ်တဲ့ အနေအထားကို ရှာမတွေ့ခင်အထိ အချိန်ခဏမျှ လူးလွန့်သွားသည်။ သူမက ခေါင်းမော့လာပြီး တော်ဝင်မင်းသားယန်ရဲ့ မျက်ဝန်းများကို ခေတ္တမျှကြည့်လိုက်တော့ သူ့ရဲ့မျက်ဝန်းများက တော်တော်လေး အထီးကျန်နေပုံပေါ်တာကို တွေ့လိုက်ရသည်။ သူမ မျက်မှောင်ကြုတ်လိုက်မိပြီး

"ရှင်ဘာတွေ ပြောနေတာလဲ? ကျွန်မက ဘာလို့ ထွက်သွားရမှာလဲ? နောက်ပြီး ဘယ်ကို ထွက်သွားရမှာလဲ?"

"ကိုယ့်ဘေးမှာ အမြဲနေပေးမယ်လို့ ကိုယ့်ကို ကတိပေး ဟုတ်ပြီလား?"

ကျူးကျွင်းယန်က သူမခေါင်းပေါ်မှ သန့်စင်တဲ့ ဆီးနှင်းပွင့်များကို ကူဖယ်ပေးလာသည်။ သူ့ရဲ့အသံက စိတ်အားငယ်ပြီး အထီးကျန်နေသလိုပင်။

ယွီရှောင်ချောင်းက သူ စိတ်ဓာတ်ကျနေတာကို ပြောနိုင်တာမို့ တမင်တကာ အထက်စီးဆန်ဆန်ဖြင့် နှာမှုတ်လိုက်ပြီး

"ရှင်က အခုထိ အစမ်းခန့် ကာလပဲရှိသေးတယ်ဆိုတာ မမေ့နဲ့ဦးနော်!! ဒီစစ်ဆေးတာကို ရှင်ကျော်ဖြတ်နိုင်လား မဖြတ်နိုင်ဘူးလားဆိုတာ ရှင့်ရဲ့ အပြုအမူပေါ်မှာပဲ မူတည်တယ်! ရှင်က ဉာဏ်နီဉာဏ်နက် များတဲ့သူပဲ!! ဒီလိုလုပပြီး ညို့ဓာတ်အပြည့်နဲ့ ညကို အခွင့်ကောင်းယူပြီး ရှင့်ရဲ့ ပျားရည်

ထောင်ချောက်ထဲ မျှားခေါ်နိုင်လိမ့်မယ်လို့တော့ ရှင်မထင်နဲ့နော်! ကျွန်မမှာ သံမဏိနှလုံးသားနဲ့ တည်ငြိမ်တဲ့ စိတ်စွမ်းအားရှိတယ်... ရှင့်ရဲ့ ချိုမြိန်တဲ့ နည်းလမ်းတွေနဲ့ အလွယ်တကူ လွှမ်းမိုးခံမှာ မဟုတ်ဘူး"

သူမရဲ့အနောက်မှ ရင်ဘတ်က အနည်းငယ် လှုပ်ရှားသွားပြီး ကြီးမားတဲ့ လက်တစ်ဖက်က သူမရဲ့ နှာခေါင်းရှေ့မှာ ပေါ်လာကာ အသာအယာ ဆွဲညှစ်လာသည်။ ကျူးကျွင်းယန်က ရယ်လိုက်ပြီး

"ကောင်းပါပြီဗျာ! ဒီည ကိုယ့်ရဲ့ ကောင်းမွန်တဲ့ပုံစံကို ပြသဖို့ အစွမ်းကုန် ကြိုးစားပါ့မယ်!"

ယွီရှောင်ချောင်းက ကြောက်ရွံ့နေတဲ့ သမင်လေးတစ်ကောင်လို တမင်တကာ ပြုမူလိုက်ရင်း သူမကိုယ်သူမ ပွေ့ဖက်လိုက်ကာ

"ရှင်... ရှင်ကျွန်မကို ဘာလုပ်ချင်နေတာလဲ? ဒီမိန်းမပျိုလေးက အရွယ်တောင် မရောက်သေးဘူး... အဲ့တော့ ထူးထူးဆန်းဆန်းတွေ ဘာတစ်ခုမှ ရှင်လုပ်လို့မရဘူးနော်..."

သူ့ရဲ့ ရင်ဘတ်ပေါ်မှ လှုပ်ရှားမှုက ပိုမိုသိသာလာပြီး ကျူးကျွင်းယန်က သူမရဲ့ ပြားချပ်နေတဲ့ ခန္ဓာကိုယ်ကို ခေါင်းအစခြေအဆုံး စစ်ဆေးဖို့ရာ အတွက် တမင်တကာ အထင်သေးမှု အပြည့်ဖြင့် ကြည့်လိုက်ပြီး စုတ်သပ် လိုက်ကာ

"မင်းရဲ့ရင်ဘတ်က မင်းရဲ့နောက်ကျောလို ပြားချပ်နေတာ... ဒီမင်းသားက ဘာများ လုပ်လို့ရနိုင်မှာလဲ?"

"နှာဘူးကောင်!! ရှင် ဒီအတွက် အမှတ်လျော့သွားပြီ အမှတ်လျော့သွားပြီ! ရှင်က ကျွန်မပုံစံကို ဟာသလုပ်နေတာဆိုတော့ ရှင့်ဆီကနေ ဆယ်မှတ်နှုတ်မှ ရမယ်!"

ယွီရှောင်ချောင်းက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး သူမရဲ့ မျက်နှာထက်ဝယ် ဒေါသနဲ့ ရှက်ရွံ့မှုတို့ အနည်းငယ် ဖုံးလွှမ်းနေရင်း

"စောင့်ကြည့်နေ... နောက်နှစ်နှစ်လောက်နေရင် ဒီမိန်းကလေးက ပိုလှပ ကြော့ရှင်းလာပြီး ခေါင်းအစ ခြေအဆုံး ကြည့်စရာတွေ အများကြီးရှိလာမှာ... ရှင်က ဒီလိုမျိုး အရွယ်မရောက်သေးတဲ့ မိန်းကလေးတစ်ယောက်ကို လှောင်ပြောင်တတ်တဲ့ လှည့်ဖြားတတ်သူတစ်ယောက်ပဲ"

"ဒီမင်းသားက မှားသွားပါတယ်ခင်ဗျာ... ကိုယ်မှားပါတယ်လို့ ဘယ်တုန်းက ဝန်မခံခဲ့လို့လဲ? ဒီလိုဆိုရင်ရော? ကိုယ်မင်းကို အလျော်ပေးမယ်လေ... ကိုယ်ကြားတာတော့ တောင်ပိုင်းမှာ လူတစ်ယောက်ရဲ့ ရင်သားတွေကို ဖွံ့ဖြိုးစေနိုင်တဲ့ သဘော်သီးလို့ခေါ်တဲ့ အသီးရှိတယ်တဲ့... ဒီမင်းသားက မင်းအတွက် အသီးအချို့ကို သဘော်နဲ့ တင်ပို့ခိုင်းလိုက်မယ် ဘယ်လိုလဲ?"

ကျူးကျွင်းယန်က ရယ်ချင်စိတ်ကို ထိန်းလိုက်ရင်း မသိမသာ လည်ချောင်းရှင်းလိုက်သည်။

ယွီရှောင်ချောင်းက တောင်ပိုင်းက အသီးများအား စားသုံးနိုင်မည့် အခွင့်အရေးကို စိတ်ဝင်စားနေတာကြောင့် သူမရဲ့ ရင်ဘတ်အကြောင်း စ နောက်သည်နှင့် ပတ်သတ်ပြီး သူ့အား ဂျစ်တိုက်မနေတော့ဘဲ

"ကျွန်မ ဒူးရင်းသီး၊ ပိန္နဲသီး၊ စူကာသီး၊ နဂါးမောက်သီး၊ လိုက်ချီးသီး၊ အုန်းသီး၊ ကြက်မောက်သီးတွေ စားချင်တယ်... သဘော်သီးရော ယူလာခဲ့ပေး... နို့သဘော်ဖျော်ရည် လုပ်သောက်လို့ရတယ်... အဲ့တာက အရမ်းအရသာရှိပြီး လန်းဆန်းစေတယ်!!"

"နားလည်ပါပြီ အစားပုတ်မလေးရေ!"

သူတို့မှာ ရေခဲပြုလုပ်နည်း ရှိနေပြီးကတည်းက တောင်ပိုင်းမှ ပုပ်သိုးလွယ်တဲ့ ကုန်ပစ္စည်းတွေကို တင်ပို့ဖို့ရန် စိုးရိမ်နေစရာ မလိုတော့ချေ။ သူ့ကောင်မလေး ပြောပြတဲ့ အသီးနာမည်တွေကို တိတ်တဆိတ် သူ မှတ်သားထားလိုက်သည်။ သူတောင် တစ်ခါမှ မကြားဖူးတဲ့ အသီးအချို့ ရှိနေပေမဲ့ တောင်ပိုင်းကို တစ်ခါမှ မရောက်ဖူးတဲ့သူမကတော့ သူမရဲ့ ခြံနောက်ဖေးမှာ ရှိနေတဲ့ အပင်များကဲ့သို့နှယ် အသီးနာမည်တွေကို သွက်လက်စွာ ရွတ်ပြနိုင်နေသည်။ သူမက သာမန်လူ မဟုတ်ဘူးဆိုတာ ပိုလို့ပင် သေချာသွားရပြန်သည်။

"ရှင် ကျွန်မကို ဘယ်ခေါ်သွားနေတာလဲ? ဆက်သွားရင် မြို့ပြင် ရောက်တော့မယ်!!"

ဒီညက အမျိုးသားရေးပွဲတော်တစ်ခု ဖြစ်တာမို့ ပုံမှန်ကဲ့သို့ အပြင်မထွက်ရအမိန့် မရှိချေ။ မီးရှူးမီးပန်းတွေကို ကြည့်ရှုဖို့ရန်အတွက် အပြင်ထွက်လာတဲ့ လူအချို့ကလွဲရင် လမ်းပေါ်၌ လူအများကြီး ရှိမနေချေ။

ကျူးကျွင်းယန်က သူမပြောခင် ခဏတာမျှ တိတ်ဆိတ်နေပြီး

"ဒီမင်းသားက မင်းအတွက် မီးရှူးမီးပန်းအချို့ သီးသန့်ဖယ်ခိုင်းထားတယ်... မီးရှူးမီးပန်းတွေ မင်း ကြည့်ရအောင်လို့ လူ မရှိတဲ့နေရာ ရှာနေတာ"

"လာကြည့်တဲ့သူ ပိုများလေ မီးရှူးမီးပန်းတွေက ပိုကြည့်လို့ကောင်းလေပဲ... အခုက ရာသီဥတုကလည်း ပိုပိုအေးလာပြီ... အခုချိန်သာ မြို့တော်ကနေ ထွက်သွားရင် အရာရှိတွေနဲ့ မြို့တော်ကို စောင့်ကြပ်နေတဲ့ တပ်သားတွေက ကျွန်မတို့ကို အရူးတွေလို့ ထင်ကုန်မှာပေါ့"

ယွီရှောင်ချောင်းက အကျယ်ကြီး သမ်းလိုက်သည်။ သူမက လက်ရှိမှာ အလွန်နွေးထွေးပြီး သက်တောင့်သက်သာ ရှိနေတာမို့ အနည်းငယ် အိပ်ချင်

လာမိသည်။

ကျူးကျွင်းယန်က သူမလေးရဲ့ အိပ်ချင်မူးတူးဖြစ်နေတဲ့ ပုံစံလေးကိုမြင်တော့ သူမရဲ့ နှာခေါင်းလေးကို တို့ထိလိုက်သည်။ သူက ဘေးဘီကို ကြည့်လိုက်ရင်း တိတ်ဆိတ်နေပြီးမှ ပြောလာသည်။

"ဒါဆိုလည်း မြို့တံတိုင်းပေါ်ကနေ လွှတ်ကြတာပေါ့... အဲ့လိုဆိုရင် ကိုယ်တို့လည်း နှစ်သစ်အကြိုကို တံတိုင်းပေါ်မှာ စောင့်ကြပ်နေတဲ့ တပ်သားတွေနဲ့အတူ ပျော်ပါးလို့ရတယ်လေ"

"ဟုတ်တယ် ဟုတ်တယ်! အဲ့အကြံကောင်းတယ်!"

သူမရဲ့ အရင်ဘဝတုန်းက နှစ်သစ်ကူးပွဲအတွင်းမှာ သူတို့ရဲ့ လက်အောက်ငယ်သားတွေကို လာရောက် နှုတ်ဆက်ကြတဲ့ ခေါင်းဆောင်အချို့ကို တွေ့ဖူးသည်။ တကယ်တော့ တော်ဝင်မင်းသားယန်ကလည်း စစ်သူကြီးတစ်ယောက်ဖြစ်တာမို့ အစောင့်တွေ၊ တပ်သားတွေနဲ့အတူ ကျင်းပတာက သူ့အတွက် ပြဿနာ မရှိလောက်ဘူးမဟုတ်လား...

တပ်သားတို့ရဲ့ အံ့အားသင့်နေကြတဲ့ အကြည့်များအောက်မှာ သူတို့နှစ်ဦးသား တံတိုင်းပေါ်သို့ တက်လာခဲ့ကြသည်။ ယွီရှောင်ချောင်း သူမရဲ့ ရှည်လျား ကြီးမားလှတဲ့ အပေါ်ဝတ်ရုံကို တက်နင်းလုနီးပါး ဖြစ်သွားပေမယ့် ကံကောင်းစွာနဲ့ ကျူးကျွင်းယန်က သူမ ပြုတ်မကျခင်မှာ သူမကို အမြန်လှမ်းဆွဲပြီး တံတိုင်းပေါ်သို့ ပြန်ဆွဲတင်ပေးလိုက်သည်။

တံတိုင်းပေါ်မှ မီးရှူးမီးပန်းများက တစ်ခုပြီးတစ်ခု ပေါက်ကွဲထွက်လာကြသည်။ 'ပျော်ရွှင်စရာ နှစ်သစ်မင်္ဂလာ'၊ 'အတိသုခအပြည့်ဖြင့် မိသားစု'၊ 'နိုင်ငံ့အခမ်းအနား' စတဲ့ စကားလုံးများက ကောင်းကင်ယံထက်မှာ ထွက်ပေါ်လာကြပြီး တောက်ပလှတဲ့ အလင်းရောင်တို့က လူတစ်ယောက်ရဲ့ မျက်လုံးများကို ဖမ်းစားနိုင်ပုံရသည်။ တံတိုင်းပေါ်မှ အစောင့်များက မီးရှူး

မီးပန်းများကို ကြည့်ရင်း အံ့အားသင့်၍ ပျော်ရွှင်နေကြသည်။ အဲ့ဒီနောက်မှာတော့ 'Happy New Year' 'I love you' 'I will give you happiness' စကားလုံးများက လေထဲမှာ ပေါ်လာကြသည်။ ဒီစကားစုများအားလုံးက အင်္ဂလိပ်လို ရေးထားတာဖြစ်တာမို့ တံတိုင်းပေါ်မှ လူအများစုအတွက်တော့ အဓိပ္ပာယ် မရှိချေ။

"ဟ ဟ! ဒါက သေချာပေါက် ဧကရာဇ်ဆီက လာတဲ့ အကြံဖြစ်ရမယ်... ကျွန်မမှန်းတာ မှန်တယ်မလား?"

ကောင်းကင်ထက်မှ တောက်ပနေတဲ့ နှင်းဆီသဏ္ဌာန်မီးရှူးမီးပန်း အောက်ဝယ် ရှောင်ချောင်းဆီမှ ညို့အားပြင်းတဲ့ အမူအရာတို့ ရှိနေသည်။ ထိုအခိုက်အတန့်၌ သူမရဲ့ ချိုမြိန်လှတဲ့ အပြုံးလေးက အလွန်တရာမှာ လှပလွန်းသည်။

ကျူးကျွင်းယန်က အသာအယာ ခေါင်းညိတ်လိုက်ပြီး ကောင်းကင်ယံထက်မှ ထိုခမ်းနားလှတဲ့ နှင်းဆီးသဏ္ဌာန် မီးရှူးမီးပန်းများကို ခေါင်းမော့ကြည့့်လိုက်ကာ အနည်းငယ် ထူးဆန်းနေတဲ့ အသံဖြင့်

"မင်း ဒီတိုင်းတစ်ပါး ဘာသာစကားကို နားလည်တယ်လား? မင်းက ဧကရာဇ်နဲ့ တစ်နေရာတည်းကနေ လာခဲ့တာလို့ ကိုယ်ထင်တယ်... အဲ့နေရာက ဆန်းကြယ်ပြီး ထူးဆန်းတဲ့နိုင်ငံတစ်ခု ဖြစ်ရမယ်"

"အမှန်ပဲ! အဲ့နေရာက ယဉ်ကျေးမှုထွန်းကားပြီး စည်ပင်သာယာတဲ့ တိုင်းပြည်တစ်ခုပဲ..."

ညကောင်းကင်ယံကပဲ တောက်ပလွန်းနေတာကြောင့်လား ဒါမှမဟုတ် မီးရှူးမီးပန်းတွေကပဲ ကြည်နူးဖွယ် ကောင်းလွန်းနေတာကြောင့်လား ဒါမှမဟုတ် သူမရှေ့က လူကပဲ နူးညံ့ပြီး ချောမောလွန်းနေတာကြောင့်ပဲလား။ ယွီရှောင်ချောင်းတစ်ယောက် သူမ ဘယ်ရောက်နေတယ် ဆိုတာကိုပင်

အလေးမထားနိုင်တော့ဘဲ သူမရဲ့ အတွေးတွေကို ထုတ်ဖော်ပြောပြလိုက်မိသည်။ သူမရဲ့ မျက်ဝန်းထောင့်မှ မျက်ရည်တစ်စက်က တဖြည်းဖြည်း ကျဆင်းလာသည်။

"မင်း... အဲ့ဒီကို ပြန်သွားလို့ရသေးလား?"

ကျူးကျွင်းယန်က သူမရဲ့ဝန်ခံစကားကို ကြားတော့ အလျင်အမြန်မေးခွန်းတစ်ခုကို ဆက်မေးလိုက်သည်။ ဒါ သူ အသိချင်ဆုံးသော မေးခွန်းတစ်ခုပင်။

"ပြန်သွားလို့ မရဘူး... ပြန်သွားဖို့ မဖြစ်နိုင်တော့ဘူး..."

ယွီရှောင်ချောင်းက အာရုံထွေပြားနေတဲ့ လေသံနဲ့ ဖြေလာသည်။ အရင်ဘဝတုန်းက သူမဟာ အသားနှပ်ဆိုင်ပိုင်ရှင် သာမန်အလုပ်သမားတစ်ဦးသာ ဖြစ်သည်။ ဒီဘဝမှာတော့ သူမ အလွန်လှပပြီး ထူးဆန်းတဲ့အဖြစ်အပျက်များစွာ ကြုံတွေ့ခဲ့ရသည်။ လယ်သူမလေးတစ်ယောက်ဖြစ်တဲ့သူမက တကယ်ကြီး အမျိုးသမီးအရာရှိဖြစ်လာပြီး ပဒေသရာဇ်မင်းသမီးဖြစ်လာလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ... ထို့အပြင်လည်း သူမရဲ့ဘေးမှာ လက်တွဲဖော်အဖြစ်နဲ့ နေဖို့ ဆန္ဒရှိတဲ့ ဒီလို ထူးခြားလှတဲ့ အမျိုးသားတစ်ဦးလည်း ရှိနေပြီပင်။ သူမမှာ ရွေးချယ်ခွင့်သာ ရှိလာရင် ဒါတွေအားလုံးကို လွှတ်ချထားခဲ့ပြီး ပြန်သွားဖို့အတွက် ရဲဆေးတင်ဖို့ တော်တော်လေး လိုအပ်လိမ့်မည်။

ကျူးကျွင်းယန်က ကြီးမားရှည်လျားတဲ့ လက်တစ်စုံကို ဆန့်ထုတ်လိုက်ပြီး သူမရဲ့ နူးညံ့တဲ့ လက်ကလေးကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်သည်။ သူက ခေါင်းကိုငုံ့၍ သူမကို ချိုချိုသာသာ ပြုံးပြလိုက်ရင်း

"ဝမ်းမနည်းပါနဲ့... ဒီမင်းသားက မင်းရဲ့ဘေးမှာပဲ နေပေးမယ် အဖော်ပြုပေးမယ် ကာကွယ်ပေးမယ် ချစ်ပေးမယ်... မင်းကို တစ်ယောက်တစ်လေမှ

တောင် အနိုင့်ကျင့်ခွင့် ပြုမှာမဟုတ်ဘူး... ကိုယ့်နောက်မှာ နေတာက အမှန်ကန်ဆုံး ဆုံးဖြတ်ချက်တစ်ခုဆိုတာကို မင်းသိလာမှာပါ"

အသည်းပုံသဏ္ဍာန် နီရဲရဲ မီးရှူးမီးပန်းတို့က ကောင်းကင်ထက်ဝယ် ပေါက်ကွဲနေကြသည်။ ဆီးနှင်းပွင့်များက လေထဲ၌ ပျော်ရွှင်စွာ ကခုန်နေကြပြီး ပြစ်ချက်မစွန်းသော အဖြူရောင် လိပ်ပြာများကဲ့သို့ လူနှစ်ယောက်ကို လှည့်ပတ်လျက် လေထဲ၌ မြူးထူးနေကြသည်။ ယွီရှောင်ချောင်းရဲ့ မျက်ဝန်းတို့ထဲ၌ လေထုထဲမှ တဖျပ်ဖျပ်တောက်ပနေသော အလင်းရောင်တို့ ရောင်ပြန်ဟပ်နေကြပြီး ပျော်ရွှင်နေသည့် အပြုံးလေးနှင့် သူမရဲ့ မျက်နှာလေးက တင့်တယ်နေသည်။

"အောက်ကို ငုံ့လာခဲ့... ကျွန်မရှင့်ကို ပြောစရာ ရှိတယ်!"

ယွီရှောင်ချောင်းရဲ့ မျက်ဝန်းများထဲ၌ နူးညံ့သော အကြည့်တို့ဖြင့် တောက်ပနေပြီး ကျူးကျွင်းယန်ကို ထိုအထဲ၌ နစ်မြုပ်သွားစေတော့မယောင်ပင်။ ဒီမြင်ကွင်းကနေ သူနိုးထ မလာချင်တော့။

ကြီးမားလှတဲ့ သစ္စာရှိခွေးကြီးတစ်ကောင်လိုမျိုး ကျူးကျွင်းယန်က နာခံစွာဖြင့် ငုံ့ကိုင်းလိုက်ပြီး သူ့ရဲ့နားကို ရှောင်းချောင်းအနားမှာ ကပ်ပေးလိုက်ရင်း သူမလေး ဘာကို ပြောချင်နေတယ်ဆိုတာကို သူ့ကို ပြောလာဖို့ စောင့်ဆိုင်းနေလိုက်သည်။ ရုတ်တရက် နူးညံ့ပြီး အနည်းငယ် စိုစွတ်တဲ့ အထိအတွေ့က သူ့ပါးပြင်ကို လာရောက်ထိခတ်လို့သွားသည်။ လေနှင့် ပေါင်းစပ်သွားပုံရသည့် သူကြားနိုင်ရုံမျှသာ ကြားနိုင်တဲ့ အသံလေးက ဆိုလာသည်။

"ကျွန်မ ရှင်နဲ့ တွေ့ခွင့်ရတာ သိပ်ကို ကံကောင်းတာပဲ!"

အနမ်းခံလိုက်ရတဲ့ပါးပြင်ကို ဆုပ်ကိုင်ထားလိုက်ရင်း ကျူးကျွင်းယန်ရဲ့ မျက်နှာချောချောထက်၌ ရူးကြောင်ကြောင် အပြုံးတစ်ခု ဖြစ်ပေါ်လာသည်။

ထိုအပြုံးကို ကြည့်ရတာ တော်တော်လေး ရယ်ချင်စရာ ကောင်းလှသည်။ နောက်ထပ် အပြုံးတစ်ခုကလည်း ယွီရှောင်ချောင်းရဲ့ မျက်နှာထက်ဝယ် ပွင့်လန်းလာပြီး ထိုအပြုံးက တောက်ပလှတဲ့ မီးရှူးမီးပန်းများနဲ့ ထွန်းလင်းနေတဲ့ ကောင်းကင်ပြင်ထက် ပိုမို ခမ်းနားလှပနေပုံပေါ်သည်။

ကျူးကျွင်းယန် မနေနိုင်ဘဲ အပြုံးကြီးကြီးတစ်ခုကို ထုတ်ဖော်ပြလိုက်မိသည်။ ကောင်မလေးက သူ့ကို နမ်းလိုက်တယ်!! ကောင်မလေးက နောက်ဆုံးတော့ ကြီးပြင်းလာခဲ့ပြီပဲ! ဒီကောင်မလေးရဲ့ နှလုံးသားထဲမှာ သူ့အတွက် နေရာရှိနေခဲ့ပြီမို့ သူ့ရဲ့ စိတ်ရှည်မှုနှင့် ကြိုးစားအားထုတ်မှုများက အချည်းအနှီး မဖြစ်တော့ချေ။

'မင်းတို့အားလုံး ဒါကို ကြားလိုက်ကြလား? ကောင်မလေးက ပြောတယ် 'ကျွန်မ ရှင်နဲ့ တွေ့ခွင့်ရတာ သိပ်ကို ကံကောင်းတာပဲ' တဲ့ အား!!'

တကယ်တော့ သူ့အဖို့ သူမနဲ့ တွေ့ဆုံခွင့်ရခဲ့တာကသာ သူ့ဘဝရဲ့ အံ့ဖွယ်တွေထဲက တစ်ခုဖြစ်သည်။

အစောင့်များရဲ့ အံ့အားသင့်နေကြတဲ့ အကြည့်တွေအောက်မှာပဲ သူမလေးကို သူ့ရဲ့ လက်မောင်းထဲသို့ ဆွဲခေါ်လိုက်ပြီး ပျော်ရွှင်စွာ ပွေ့ချီရင်း လှည့်လိုက်သည်။

"ဒီမင်းသား အရမ်းကို ပျော်နေတယ်!! ဒီနေ့က ဒီမင်းသားရဲ့ဘဝမှာ အကောင်းဆုံးနေ့ရက်ပဲ!!"

တပ်သားများအားလုံး တွေးနေကြသည်မှာ

'ကောလဟာလတွေက တကယ်မှန်တာပဲ! တော်ဝင်မင်းသားယန်က ပဒေသရာဇ်မင်းသမီးကျီနန်ကို လိုက်နေတာကိုး!! ငါတို့ ဒီနေ့ ဒီကြည်နူးစရာ မီးရှူးမီးပန်းတွေကို ကြည့်ခွင့်ရတာ ပဒေသရာဇ်မင်းသမီးကြောင့်

လား? ကျစ် ကျစ်!! တော်ဝင်မင်းသားယန်မှာ ဘယ်လိုအကြိုက်မျိုး ရှိနေတာလဲ? သူက တကယ်ကြီး သာမန် လယ်သူမတစ်ယောက်ကို ကြိုက်နေတာပဲ!! တကယ်ကို မလိုက်ဖက်တဲ့ အတွဲပဲ... အတူရှိနေကြတာ တကယ်ထူးဆန်းလိုက်တာ'

သို့သော်လည်း တူညီတဲ့ အတွေးမျိုးရှိမနေကြတဲ့ အခြားအစောင့်များလည်း ရှိသည်။

'ပဒေသရာဇ်မင်းသမီးကျိုနန်က ရွှေဥတွေ ဥပေးတဲ့ ဘဲငန်းတစ်ကောင်ပဲ... သူမရဲ့ အခြားစီးပွားရေး လုပ်ဆောင်မှုတွေကို အသာထားဦး... ဖန်လုံအိမ်စိုက် အသီးအရွက်တွေနဲ့ သစ်သီးတွေကတင် ဒီဆောင်းတွင်းမှာ ငွေအမြောက်အမြား ရအောင် လုပ်နိုင်တယ်... မြို့တော်က ဘယ်မျိုးရိုးမြင့်မိန်းကလေးကများ သူတို့ရဲ့ပိုင်ဆိုင်မှုနဲ့ လုပ်နိုင်စွမ်းကို သူမလို ချပြနိုင်လဲ? နောက်ပြီး ဧကရာဇ်က ပဒေသရာဇ်မင်းသမီးကျိုနန်ကို သိသိသာသာကို တန်ဖိုးထားတာ... ဒါကြောင့် သူမကို လက်ထပ်တဲ့ ဘယ်သူမဆို အနာဂတ်မှာ ကြီးမားတဲ့ ကူဖော်လောင်ဖက် တစ်ဦး ရလိုက်သလို ဖြစ်နေမှာ!'

ကျူးကျွင်းယန်သာ ဒီလူတွေ ဘာတွေးနေကြလဲဆိုတာ သိရင် သူ တော်တော်လေး ဒေါသထွက်သွားလိမ့်မည်။

'ဒီမင်းသားရဲ့ စွမ်းရည်နဲ့ဆိုရင် တစ်စုံတစ်ယောက်ရဲ့အကူအညီကို လိုအပ်မှာတဲ့လား? ဒီမင်းသားကိုများ ကိုယ့်ဇနီးအပေါ် မှီခိုရမယ့် ဘာမှ အသုံးမကျတဲ့သူလို့ ထင်နေတာလား?'

***